

# မြန်မာနိုင်ငံအလယ်ပိုင်းရှိ ရေနံမှော်များ၏ စိန်ခေါ်မှုများ



## မိတ်ဆက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေနံလက်ယက်တွင်းတူးလုပ်ငန်းများသည် ပုဂံခေတ်ထဲက ကတည်းရှိနေခဲ့ကြပြီး ယနေ့တိုင် ရေနံလက်ယက်တွင်းကို တူးဖော်ထုတ်လုပ်နေခဲ့ကြပါတယ်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရေနံလက်ယက်တွင်းတူးခြင်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးပွားလာနေခဲ့ကြသည်ကို တွေ့မြင်လာရပါတယ်။ ရေနံလက်ယက်တွင်းတူးရာနေရာများဖြစ်သော ရေနံမှော်များနှင့် နိုင်ငံတော်မှထိန်းချုပ်ထားသော ရေနံမှော်များကိုလည်း အာဏာသိမ်းစစ်တပ်မှ မီးရှို့ခြင်းများလုပ်ဆောင်လာပါတယ်။ ရေနံတွင်းတူးလုပ်ငန်းများရှိနေသည့် နေရာများရှိ ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့ (P D F )များ နယ်မြေစိုးမိုးလာနိုင်မှုများကိုလဲ သတင်းမီဒီယာများတွင် တွေ့မြင်လာခဲ့ရပါသည်။ Citizen Action for Transparency (CAfT)အနေဖြင့် မြေပြင်တွင် ဖြစ်ပျက်နေသော ရေနံလက်ယက်တွင်းအခြေအနေများကို သိရှိနိုင်ရန် ကွင်းဆင်းခဲ့ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ နှင့် သတင်းမီဒီယာများမှ သတင်းများကို လေ့လာပြီး ရေနံလက်ယက်တွင်းများ အခြေအနေများကို ထင်ဟပ်မိစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။



## နောက်ခံအကြောင်းတရား

မြန်မာနိုင်ငံတွင်ရေနံလက်ယက်တွင်းများကို ပုဂံခေတ်ကထဲက အသေးစားထုတ်လုပ်မှုပုံစံဖြင့်ရှိနေခဲ့သည်ကို တွေ့ရပြီး မြန်မာနိုင်ငံတွင် ရေနံကို ကုန်းတွင်းရေနံတူးဖော်မှုနှင့် ကမ်းလွန်ရေနံတူးဖော်မှုဆိုပြီး တူးဖော်မှု(၂)မျိုး ရှိနေခဲ့ပါသည်။ ကုန်းတွင်းရေနံလုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်၊ ပုဂံခေတ်အစောပိုင်းကာလများမှ စတင်ခဲ့ပြီး ရေနံချောင်းဒေသတွင် ထုတ်လုပ်သုံးစွဲနေခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီခေတ်ကတည်းက တွင်းရိုး၊ တွင်းစား ဟူ၍ မျိုးရိုးစဉ်ဆက် သတ်မှတ်နေခဲ့ပြီး တွင်းရိုး၊ တွင်းစားများမှသာ ရေနံလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါတယ်။ ထိုအချိန်က ရေနံတူးဖော်ထုတ်ယူမှုများဟာ လက်ယက်တွင်းတိမ်များဖြင့် တူးဖော်တဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ အချိန်ကြာလာသည်နှင့်အမျှ၊ ဗြိတိသျှအုပ်ချုပ်မှုအတွင်း ဗမာ့ရေနံကုမ္ပဏီ (The Burma Oil Company, BOC) မှ ရေနံလုပ်ငန်းများကို လက်ဝါးကြီးအုပ်တူးဖော်လာခြင်းဖြင့် ဒေသခံလူထု၏ တွင်းရိုး တွင်းစားအလုပ်များကိုလဲ စွန့်လွှတ်လိုက်

ရပြီးရေနံတူးဖော်ခွင့်လုပ်ငန်းများကို စွန့်လွှတ်လိုက်ရတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရများ၏ထိန်းချုပ်မှု လုပ်ငန်းများတစ်ခုအဖြစ် ရေနံတူးဖော်မှုလုပ်ငန်းတွေကို အစိုးရကသာ တာဝန်ယူလုပ်ကိုင်ခဲ့ပါတယ်။ မြန်မာ့ရေနံတူးဖော်ထုတ်လုပ်မှု သမိုင်းတလျှောက်ကို ပြန်ကြည့်ရင် နိုင်ငံသားများနဲ့ ဒေသခံများတူးဖော်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့် မရှိသလောက်နည်းပါးခဲ့ပါတယ် ဖြစ်ပါတယ်။ မကြာသေးမီဆယ်စုနှစ်များအတွင်း ဒေသတွင်း အလုပ်အကိုင်နှင့် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ရန်အတွက် အသေးစား တူးဖော်မှုများဖြစ်သော ရေနံလက်ယက်တွင်းများအတွက် ကန့်သတ်ပါမစ်များ ထုတ်ပြန်ခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအစိုးရ (NLD) လက်ထက်တွင် ရေနံလက်ယက်တွင်းဥပဒေ ထုတ်ပြန်ခဲ့ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများလာစေရန်အလို့ငှာ ရေနံလက်ယက်တွင်းများကို လိုင်စင်ချထားပေးခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်မှု အပါအဝင် ရေနံထုတ်ယူမှုကို ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ကြိုးပမ်းမှုများကို တွေ့မြင်ခဲ့ရပါတယ်။

ဒါပေမဲ့ 2021 ခုနှစ် စစ်တပ်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများအကြား စနစ်တကျပြုပြင်ပြောင်းလဲ ထားသော ရေနံလက်ယက်တွင်းလုပ်ငန်းများပျက်ပျယ်ခဲ့ပြီး တရားမဝင် တူးဖော်မှုများအသွင် ပြောင်းလဲထုတ်လုပ် လာနေကြပါတယ်။

ရေနံလက်ယက်တွင်းတူးဖော်သူများသည် အဲဒီဒေသမှာရှိတဲ့ အာဏာပိုင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့များ (Local People's Defense Force) ငွေကြေး (ဆက်ကြေး) ပေးဆောင်ကြရပါတယ်။ ဒေသတွင်း ကာကွယ်ရေး တပ်ဖွဲ့များကို အခွန်ပေးဆောင်သည့်အကြောင်းပြချက်ဖြင့် အချို့နေရာတွေမှာတော့ စစ်ကောင်စီက ရေနံလက်ယက်တွင်းများကို ဝင်ရောက်မီးရှို့မှုများ၊ ဖမ်းဆီးမှုများကြောင့် တူးဖော်သူများ ထွက်ပြေးရတဲ့ဖြစ်ရပ်များလည်း မကြာခဏ ဖြစ်ပေါ်နေသောကြောင့် ပြည်သူများအနေဖြင့်စီးပွားရေး အခက်အခဲများနှင့် ရင်ဆိုင်နေရပြီးကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ဖြေရှင်းရန်လိုအပ်လာနေပါသည်။

လက်ရှိစိန်ခေါ်မှုများမှာ ဒေသတွင်းလက်နက်ကိုင်အဖွဲ့အစည်းများမှ ငွေညှစ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့် သာတူညီမျှအကျိုးခံစားခွင့်များ ခွဲဝေပေးခြင်း မရှိခြင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့် ရေရှည်တည်တံ့သော အုပ်ချုပ်မှု မူဘောင်များ လိုအပ်မှုကို မီးမောင်းထိုးပြခြင်းတို့ ပါဝင်သည်။



## နိုင်ငံရေးမတည်ငြိမ်မှုများကြားတွင် တရားမဝင်တူးဖော် ထုတ်ယူနေခြင်း

2021 ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ ရေနံထုတ်လုပ်မှုကဏ္ဍ၏ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်များ ပြိုလဲပြီးနောက် တရားဥပဒေ စိုးမိုးရေး ပျက်ပြားလာသဖြင့် တရားမဝင် ထုတ်ယူမှုများ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာခဲ့ပါတယ်။ ထိုတရားမဝင်ထုတ်ယူမှုများရှိသော ဒေသများတွင် စီးပွားရေး ဆုတ်ယုတ်မှုကြောင့် မကြာခဏဆိုသလို ဒေသဆိုင်ရာအာဏာပိုင်များ၏ ခြိမ်းခြောက်ငွေညှစ်ခြင်းကို ရင်ဆိုင်နေရပြီး တွင်းလုပ်သားများ၏ နည်းပါးသောအမြတ်အစွန်းကို ပိုမိုလျော့နည်းစေပါတယ်။ အချို့သော ကိစ္စများတွင် အခွန်ငွေ တနည်းအားဖြင့် ဆက်ကြေးပေးဆောင်မှုနည်းပါးလာပါက အာဏာသိမ်းစစ်တပ်မှ ရေနံမှော်များကို ဝင်ရောက်စီးနင်းပြီး ရေနံတွင်းများကို မီးရှို့ဖျက်စီးခြင်းနှင့် ရေနံတွင်းလုပ်သားများ နည်းမျိုးစုံအကြောင်းပြဖမ်းဆီးခြင်းတို့ကို ဖြစ်ပေါ်စေပြီး အကြောက်တရားနှင့် မတည်မငြိမ်ဖြစ်စေသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနေပါတယ်။ ရေနံလက်ယက်တွင်းလုပ်သားများသည် ဥပဒေအရ အကာအကွယ်လုံးဝ မရရှိဘဲ စစ်ကောင်စီ၏ဖမ်းဆီးခြင်းနှင့် နှိပ်စက်ခြင်း မကြာခဏရင်ဆိုင်ရလေ့ရှိသည်။



*"တွင်းတစ်တွင်းစလှည့်ပြီဆိုရင် တွင်း ၁တွင်းရဲ့ အားလုံးကုန်ကျစရိတ်တွက်လိုက်မယ်ဆိုရင် ကာပိုက်တွေဘာတွေချရတာကိုး၊ စက်လှည့်ခတွေအကုန်လုံးဆိုရင်အနည်းဆုံး သိန်း(၂၅၀)ကုန်တယ်။ မြေဝယ်တဲ့မြေဖိုးသိန်း(၆၀)ပါအပါပေါ့။ မှော်တမှော်သိမ်းတယ် ပိတ်ပစ်လိုက်ပြီဆိုရင် မီးနဲ့တို့ပစ်တာ။ ကျနော့်တဲဆို အစတုန်းက စပါယ်ရှယ်ဆောက်ထားတာ။ မီးတို့ခံရတာ။ သွားပြီ။ ခုဆို ၃နှစ်မြောက်ပြီ။ ရှို့ခံရတာ။ စစ်တပ်က လုပ်သွားတာ။ သူတို့က သိမ်းတယ် ပိတ်တယ်ဆိုပြီးတော့။ ဘယ်သူမှမနေရဘူးဆိုပြီးတော့။ လူတွေကတော့ မနေရဲဘူးလေ။ အကုန်စက်ပစ္စည်းတွေသိမ်းပြီးတော့ ပစ်ထားခဲ့ကြတယ် ရေနံတွင်းတွေ ပိတ်ပြီး ဒီတိုင်းထားခဲ့ကြတယ်။ အဲ့ဒီမှာ တဲတွေလာပြီးတော့ မီးနဲ့တို့ပစ်လိုက်တာ သူက။ တဲက ဆောက်တုန်းကတော့ ၇/၈သိန်းလောက်ကုန်တာပေါ့။ တကယ်တော့ အခုလက်ရှိက ပိတ်ထားတာဗျာ၊ နားလည်မှုနဲ့လုပ်ကိုင်နေကြတာဆိုတော့ သူတို့ဘာလိုတယ် ညာလိုတယ်ဆိုရင်တော့ ပေးရတာပေါ့။ ရေနံခြံတွေဘာတွေကျတော့လဲပေးရတာပေါ့။ ရဲ နဲ့စစ်ပေးရတာပေါ့။ ကျနော်တို့ဆီက ပျူစောထီးတွေဘာတွေ မရှိဘူး။*

*အဓိကကတော့ ဒီနေရာမှာ ရဲနဲ့စစ်က ချုပ်ထားတာကို။ ရေနံတွင်းတူးခွင့်ကို ဘယ်သူ့ဆီကမှမတောင်းဘူး။ ခုကနေ ယာယီပေါ့ ခိုင်ခိုင်မာမာကြီး ဆောက်မနေတော့ဘူးပေါ့။ ရေနံမ ကျေးရွာကထွက်လာပြီဆိုကတည်းက ရေနံတွင်းတွေ အများကြီး၊ ဟိုးတောထဲမှာလဲရှိတယ်။ ကျနော်တို့ဆီက အဓိကကတော့ တောင်သူယာလုပ်ဘဲ အသက်မွေးဝမ်းကြောင်း လုပ်ကြတာလေ။ အဲ့ဒါနဲ့က အဆင်မပြေဘူးလေ။ ရာသီဥတုကလည်းမမှန်ဆိုတော့ ကျနော်ဆိုရင် မိုင်းနပ်စ် (အနူတ်) တွေပြသလားမမေးနဲ့။ ကျနော်ဆို ကိုယ့်ဟာကိုယ် ထွန်စက်ဝယ်တယ်။ အလုပ်သမားတွေနဲ့ လုပ်တယ်။ မိုင်းနပ်စ် ပြတာဘဲရှိတယ်။ သူဌေးဖြစ် တိုက်ဆောက် ကားစီးနေတဲ့ကောင် ဘာစီးပွားရေးလုပ်လို့ ချမ်းသာလဲဆို ရေနံဘဲရှိတာ။ အဲ့တော့ ကျနော်တို့က ဒီလိုနေချင်ရင် ဒီဟာဘဲလိုက်လုပ်ရတာ။ အဲ့အတွက် ကျနော် ဒီတွင်းကို တူးရတာပေါ့။”*

*ရေနံလက်ယက်တွင်းလုပ်ငန်းရှင်တစ်ဦး(မကွေးတိုင်း)*





## သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများ

တရားမဝင်ရေနံလက်ယက်တွင်းများတူးဖော်ထုတ်ယူနေခြင်းကြောင့် ကြီးကြပ်သူနည်းပါးပြီး ဆတ်ကြေး ရရှိမှုကိုသာ အားထုတ်လာခြင်းကြောင့် အဆိုပါလုပ်ငန်းများတွင် မြေဆီလွှာနှင့် ရေညစ်ညမ်းမှုများ၊ သစ်တောပြုန်းတီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းအပါအဝင် သိသိသာသာ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာစေပါတယ်။ မူဝါဒများ၊ စည်းမျဥ်းစည်းကမ်း နှင့် ကြီးကြပ်မှု မရှိခြင်းသည် လေထုညစ်ညမ်းမှုနှင့် အန္တရာယ်မကင်းသော လုပ်ငန်းခွင်အခြေအနေများနှင့် ထိတွေ့နေရသော ဒေသခံပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို တိုးမြင့်စေပါတယ်။ သယံဇာတ ပေါကြွယ်ဝသော ဒေသများသည် ပဋိပက္ခများနှင့် စီးပွားရေးကွာဟမှုများ ပိုများလာသဖြင့် သယံဇာတကျိန်စာများ ဆက်လက်ဖြစ်ပေါ်နေသည်မှာပေါ်လွင်နေပါတယ်။



## အပြိုင်အဆိုင်ထိန်းချုပ်မှုများအောက်ရှိ ရေနံလက်ယက်တွင်းများ

အပြိုင်အဆိုင် ထိန်းချုပ်မှုများအောက်တွင်ရှိနေသော ဒေသများတွင် ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့များ (Local People's Defense Force) ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့်အာဏာသိမ်း စစ်တပ်အပါအဝင် ဒေသကိုစိုးမိုးထားသည့် အာဏာပိုင်အများအပြားသည် သယံဇာတဝင်ငွေများအတွက်လည်း ယှဉ်ပြိုင်နေကြပါတယ်။ အချို့နေရာတွေမှာတော့ စစ်တပ်က ရေနံလက်ယက်တွင်းများကို ဝင်ရောက်မီးရှို့မှုများ၊ ဖမ်းဆီးမှုများကြောင့် တူးဖော်သူများ ထွက်ပြေးရတဲ့ဖြစ်ရပ်များလည်း မကြာခဏ ဖြစ်ပေါ်နေသည်ကို သတင်းမီဒီယာများတွင် တွေ့ရပါတယ်။



*“ အခုက ပိတ်ထားတာ ။ တူးရင် ဖမ်းမှာ။ မပိတ်ခင်ကလည်း ဘာမှမပေးရဘူး။ ဆက်ကြေးပေးရတယ်ဆိုတာက မြေခြား စက်ပစ်ကွင်းဘက်။ အဲဒီနေရာက ပုံစံ ၇ ထုတ်ထားတဲ့မြေကြီးမဟုတ်ဘူး။ ပြေစာလောက်ပဲထုတ်ပေးပြီး လုပ်ပိုင်ခွင့်ပေးထားတာ။ သူတို့သေနတ်ပစ်မယ်ဆိုရင် လက်နက်ကြီးတွေစမ်းမယ်ဆိုရင် လုပ်လို့မရဘူး ရပ်ထား။ အဲ့လိုနေရာကြတော့ ပေးရတာပေါ့။ မှော်တွေသိမ်းပြီဆိုရင် တဲတွေမီးရှို့ပစ်တာ။ ဆက်ကြေးတော့ မပေးရဘူး။ ဘာလိုတယ် ညာလိုတယ် ဆိုရင်တော့ ပေးရတာမျိုးရှိတယ်။ တူးခွင့်က တောင်းစရာမလိုဘူး။ ခြံသမားတို့ ဆီသယ်တဲ့လူတို့တော့ တောင်းတာရှိတယ်လို့ ကြားတယ် “*

*ရေနံလုပ်သားတစ်ဦး (မကွေးတိုင်း)*



အစိတ်စိတ်အမွှာမွှာရှိသော အုပ်ချုပ်မှုပုံစံသည် အကျင့်ပျက်ခြစားမှုနှင့် ထိခိုက်ဆုံးရှုံးမှုများကို ပိုမိုတိုးမြင့်လာစေပြီး ဒေသခံလူထုများ၏လူမှုစီးပွားဘဝများကို ဘေးဖယ်ခံထားရပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်စီးစေခဲ့ပါတယ်။ လက်ရှိနိုင်ငံရေးမတည်မငြိမ်ဖြစ်မှုသည် သာတူညီမျှသောအုပ်ချုပ်မှုပုံစံများကို အကောင်အထည်ဖော်ရန် သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုများကို ကျင့်သုံးရန် မဖြစ်နိုင်သောကြောင့် ပျက်စီးဆုံးရှုံးမှု များကိုသာဖြစ်စေခဲ့ပါတယ်။


## သုံးသပ်ချက်

မြန်မာ့ရေနံရှာဖွေရေးသမိုင်းသည် သယံဇာတ စီမံခန့်ခွဲမှုလွဲမှားမှုနှင့် လူမှုစီးပွားဘဝ ချန်လှပ်မှုများ၏ ထပ်တလဲလဲဖြစ်ပေါ်နေသောပုံစံကို ယနေ့အထိထင်ဟပ်စေပါတယ်။ ဗမာ့ရေနံကုမ္ပဏီလက်အောက်ရှိ ကိုလိုနီခေတ်မှ လက်ဝါးကြီးအုပ်မှုမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်သူပိုင်သိမ်းခြင်း နှင့် မကြာသေးမီက အလွတ်သဘော ထုတ်ယူမှု အရှိန်အဟုန်ဖြင့် ရေနံအရင်းအမြစ်များသည် ဒေသခံလူထုအား သာတူညီမျှအကျိုးခံစားခွင့်များ ပေးဆောင်နိုင်ခြင်း မရှိခဲ့ပေ။ 2021 ခုနှစ် စစ်တပ်အာဏာသိမ်းမှုသည် ငွေညှစ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မ နှင်ထုတ်ခြင်းဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပွင့်လင်းမြင်သာသော ဥပဒေဘောင်မရှိခြင်းကြောင့် အဂတိလိုက်စားမှုကို ကြီးထွားလာစေပြီး စစ်တပ်နှင့် ဒေသတွင်းလက်နက်ကိုင်အဖွဲ့များကို အလွတ်သဘောပေးဆောင်ခြင်း နေရခြင်းက အုပ်ချုပ်ရေးယန္တရားနှင့် အဂတိလိုက်စားမှုကို ဖြစ်ပေါ်နေစေပါတယ်။ သယံဇာတကို အလွန်အကျွံထုတ်ယူခြင်းနှင့် ခေတ်မမီသော နည်းပညာများကို အသုံးပြုခြင်းသည် ရေရှည်ဂေဟစနစ် ပျက်စီးခြင်း၊ ထိုဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် စိုက်ပျိုးရေးထုတ်လုပ်မှု ကျဆင်းပျက်စီးခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမှုနှင့် သာတူညီမျှအရင်းအမြစ်ခွဲဝေမှု ယန္တရားများမရှိခြင်းကြောင့် လူအနည်းငယ်ကို ချမ်းသာကြွယ်ဝစေပြီး ဒေသခံအသိုင်းအဝိုင်းများကြားတွင် ဆင်းရဲမွဲတေမှုကို ဆက်လက်ဖြစ်စေသည့် စီးပွားရေးမတည်ငြိမ်မှုများကို ဆက်လက်ဖြစ်ပေါ်နေစေသော စိန်ခေါ်မှုများစွာ ရှိနေပါတယ်။

အဆိုပါစိန်ခေါ်မှုများက အကျင့်ပျက်ခြစားမှုကို ပြင်းထန်လာစေပြီး သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုနှင့် လူမှုရေးမညီမျှမှုများကို ပိုမိုဆိုးရွားစေကာ အစိတ်စိတ်အမွှာမွှာဖြစ်သော အုပ်ချုပ်မှုအခင်းအကျင်းကို ဖန်တီးပေးနေခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်များနှင့် အကျင့်ပျက်ချစားမှုများ၊ ရေနံလက်ယက်တွင်းဒေသများရှိ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ ထိုပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှု၊ ရပ်ရွာပူးပေါင်းပါဝင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များ ဒေသတွင်းရှိ နယ်မြေစိုးမိုးထားသောအစုအဖွဲ့များနှင့်

ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့များ (Local People's Defense Force) များက ဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် အစုအဖွဲ့ပေါင်းစုံချဉ်းကပ်မှုဖြင့် ဒေသတွင်း ကောင်းမွန်သော အရင်းအမြစ်စီမံခန့်ခွဲမှု ကို လတ်တလောဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုအပ်ပါတယ်။ သို့မှသာ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု၊ အရင်းအမြစ်များ လေလွင့်မှုမရှိခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သလို လူမှုစီးပွားဘဝများကို တည်ငြိမ်စေရန် စွမ်းဆောင်ပေးရန်လည်း တာဝန်ရှိနေပါတယ်။ မြန်မာ့ရေနံလက်ယက်တွင်းများ၏ အခန်းကဏ္ဍသည် လက်ရှိအချိန်တွင်အရေးပါနေပြီး သမိုင်းဆိုင်ရာ၊ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက်စီးဆုံးရှုံးနေမှုများကို မီးမောင်းထိုးပြလျှက်ရှိသည်။

| တိုင်းဒေသကြီး | မြို့နယ်/ ကျေးရွာ | အချိန် | ရေနံလုပ်ကွက် | Description |
|---|---|---|---|---|
| မကွေးတိုင်း | မြိုင် | အာဏာသိမ်းပြီး (တစ်လအကြာ) | ရေခါးရေနံမြေ ကျောက်ခွက်ရေနံမြေ | ရေနံတွင်း ၃၀၀ ကျော် ကိုစစ်တပ်ကမီးရှို့ဖျက်စီးခဲ့ပြီး ဒေသခံ ၂၀၀၀ အလုပ်လက်မဲ့ဖြစ်ခဲ့သည်။ |
| မကွေး | ပေါက် မြို့နယ် | ၂၀၂၂ မတ်လ | အုန်းတောတောင်ရွာ နှင့် အုန်းတောမြောက်ရွာ | အုန်းတောတောင်ရွာတွင် အိမ်ခြေ (၂၆)လုံးနှင့် အုံးတော မြောက်ရွာတွင် အိမ်ခြေ(၁၃) လုံးကိုစစ်တပ်ကမီးရှို့ဖျက်စီးခဲ့သည် |
| မကွေး | ပခုက္ကူ | ၂၀၂၂ ဂျူလိုင်လ (၈)ရက် | ကျောက်ခွက်ရေနံမြေ (နိုင်ငံတော်ပိုင်ထိမ်းချုပ် ထားသော မကွေးတိုင်း ရေနံမြေ(၇) ခုထဲကတစ်ခု | လေယာဉ်ပျံဖြင့်ဗုံးကြဲသောကြောင့် ရေနံတွင်း (၃၂)တွင်းအပါအဝင် အားလုံးနီးပါးပျက်စီးခဲ့သည်။ |
| မန္တလေး | ညောင်ဦး | ၂၀၂၃ မေလ | တက်မရေနံမှော် | စစ်တပ်ကရေနံမြေပိတ်သိမ်းသော ကြောင့် သိန်းနှင့်ချီသောအလုပ်လက်မဲ့ များရှိခဲ့သည်။ |
| မကွေး | မင်းလှ | ၂၀၂၃ မေလ | သရက်ရေနံမှော် နှင့် ဒဟတ်ပင်ရေနံမှော် | စစ်တပ်ကရေနံမြေပိတ်သိမ်းသော ကြောင့် သိန်းနှင့်ချီသောအလုပ်လက်မဲ့ များရှိခဲ့သည်။ |
| မကွေး | ပေါက်နှင့် မြိုင်ကြား | ၂၀၂၂ ဧပြီ ၁၈ရက် | လက်ပံတိုရေနံမှော် | တော်လှန်ရေးတပ် (PDF) များကသိမ်းယူခဲ့သည်။ |
| မကွေး | ပခုက္ကူ | ၂၀၂၂၊ဩဂုတ်လ | သာကြီးတောင်ရေနံမှော် | တော်လှန်ရေးတပ် (PDF) များကသိမ်းယူခဲ့ပြီးစစ်တပ်မှမီးရှို့ ဖျက်စီးခဲ့သည်။ |
| မကွေး | ဂန့်ဂေါ | ၂၀၂၂၊ ဩဂုတ်လ ၁၅ရက် | ပုထိုးလုံရေနံမှော် | တော်လှန်ရေးတပ် (PDF) များကသိမ်းယူခဲ့သည်။ |
| စစ်ကိုင်းတိုင်း နှင့် ချင်းပြည်နယ် | Various Strategic Areas | အာဏာသိမ်းပြီး နောက်ပိုင်း | PDF control strength- ened | PDFs gained significant control over strategic areas |


INDIA
CHINA
KACHIN
Myitkyina
SAGAING
စစ်ကိုင်းတိုင်း နှင့် ချင်းပြည်နယ်
– PDF control strengthened
ပေါက်နှင့် မြိုင်ကြား
– လက်ပံတိုရေနံမှော်
ဂန့်ဂေါ –
ပုထိုးလုံရေနံမှော်
မြိုင် – ရေခါးရေနံမြေ
ကျောက်ခွက်ရေနံမြေ
ပေါက်မြို့နယ် –
အုန်းတောတောင်ရွာ
နှင့် အုန်းတောမြောက်ရွာ
ပခုက္ကူ – ကျောက်ခွက်ရေနံမြေ
(နိုင်ငံတော်ပိုင်ထိမ်းချုပ်ထားသော
မကွေးတိုင်း ရေနံမြေ(၇) ခုထဲကတစ်ခု
သာကြီးတောင်ရေနံမှော်
မင်းလှ –
သရက်ရေနံမှော်
နှင့် ဒဟတ်ပင်ရေနံမှော်
ညောင်ဦး –
တက်မရေနံမှော်
SHAN
MAGWE
Magwe
Sittwe
Nay Pyi Taw
RAKHINE
Loikaw
KAYAH
LAOS
BAGO
Bago
Bay of Bengal
KAYIN
AYEYARWADY
Pathein
Yangon
YANGON
Hpa-an
Mawlamyine
MON
THAILAND
Dawei
TANINTHARYI
Andaman Islands
Andaman Sea
Gulf of Thailand
200

## Sources

1. https://www.bbc.com/burmese/articles/c3gd919w110o
2. https://burma.irrawaddy.com/news/2022/01/29/249384.html
3. https://burmese.dvb.no/post/543047
4. https://burma.irrawaddy.com/news/2023/05/30/335286.html
5. https://shorturl.at/At6pH
6. https://myanmar-now.org/mm/news/56883/
7. https://shorturl.at/vPq26